ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၄၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွှာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁၀-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် စောယှားဖောင်အွှာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးဝါးကုသရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မြေစစ်ကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃ )ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၌ မျက်စိရောဂါများနှင့် စပ်လျဉ်း၍ အကြီးမားဆုံး ဆေးရုံဖြစ်သည့် ရန်ကုန် မျက်စိရောဂါ အထူးကု ဆေးရုံကြီးတွင် အမှန်တကယ် ကုသနေရသည့် ဝန်နှင့်အားကို မျှတနိုင်စေရန် လိုအပ်နေသည့် သူနာပြုများနှင့် ဘဏ္ဍာငွေများအား နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က မြန်မာနိုင်ငံ၌ မျက်စိရောဂါများနှင့် စပ်လျဉ်း၍ အကြီးမားဆုံး ဆေးရုံဖြစ်သည့် ရန်ကုန် မျက်စိရောဂါ အထူးကုဆေးရုံကြီးတွင် အမှန်တကယ်ကုသနေရသည့် ဝန်နှင့် အားကို မျှတနိုင်စေရန် လိုအပ်သည့် သူနာပြုများနှင့် ဘဏ္ဍာငွေများအား နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများကို မင်္ဂလာ အပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုတောင်းပြီးတော့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အကြီးဆုံးဖြစ်တဲ့ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးသည် အခမဲ့ကျွေးမွေးပြုစုပေးခြင်း၊ မျက်စိရောဂါဝေဒနာမျိုးစုံကို ကုသပေးနိုင်ခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာ များရှိခြင်း၊ မျက်စိပညာရပ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးများ ပြည့်စုံခြင်း စတဲ့အကြောင်းများကြောင့် နိုင်ငံ အနှံ့အပြား လာရောက်ကုသကြတဲ့ မျက်စိရောဂါဝေဒနာသည်များဟာ နှစ်စဉ် တိုးတက်များပြားလာခဲ့ ရာမှာ ၂၀၁၇ ခုနှစ်အတွင်း လူနာပေါင်း ကိုးသောင်းကျော် ကုသမှုခံယူခဲ့ကြပြီး မျက်စိခွဲစိတ်ခံယူသူ ပေါင်း တစ်သောင်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

သို့ပါသော်လည်း ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် ယခုအခါ ဆရာဝန်ပေါင်း (၆၇)ဦး ခန့်သာရှိပြီး သူနာပြုအရေအတွက်မှာ ဆေးရုံကြီး၏ ခုတင်(၁၅၀) အရေအတွက်အပေါ် မူတည် သတ်မှတ်ပုံအရ သူနာပြု(၈၁)ဦး ရှိရမည်ဖြစ်သော်လည်း အမှန်တကယ်တွင် သူနာပြု(၅၇)ဦးခန့်သာ အတည်ပြုခန့်ထားလျက်ရှိပါတယ်။ အမှန်စင်စစ် မျက်စိခွဲစိတ်ခံယူသူများဟာ ဆေးရုံမှာ(၂)ရက်ခန့်သာ တက်ရောက်ကုသရသော်လည်း ထိုကာလအတွင်း အရေးတကြီး လိုအပ်ချက်အရ သူနာပြုများရဲ့ အထူးဂရုပြုစောင့်ရှောက်ပေးရန် လိုအပ်ပါတယ်။ ထို့အတူဆရာဝန်တစ်ဦး ခွဲစိတ်ကုသမှုပြုတိုင်း သူနာပြုနှစ်ဦးဟာ ကူညီပေးရန် မရှိမဖြစ် လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးမှာ ဆရာဝန်(၆၇)ဦးအတွက် အနည်းဆုံး သူနာပြု(၁၃၄)ဦး လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီသူနာပြုများဟာ ခွဲစိတ်ခန်း ဝင်ရခြင်း၊ မခွဲစိတ်မီ ခွဲစိတ်ခန်းကို ပြင်ဆင်ရခြင်း၊ ခွဲစိတ်မယ့်လူနာများကို ပြင်ဆင်ပေးရခြင်း၊ ခွဲစိတ်ပြီး လူနာများကို ပြုစုပေးရခြင်း၊ ခွဲစိတ်ခန်းကို သန့်စင်မှုပြုရခြင်း၊ ယခင်နေ့က ခွဲစိတ်လူနာများကို ပြုစု ပေးရခြင်း၊ လူနာသစ်များကို လက်ခံရခြင်း၊ နေ့စဉ်ပြင်ပလူနာ(၄၀၀)ခန့်ရှိတဲ့အတွက် လုပ်ငန်းများကို

နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေရတဲ့အတွက် သူနာပြုများမှာ နေ့စဉ် ရုံးချိန်ကျော်လွန်သည်အထိ အလွန်ပင်ပန်းစွာ လုပ်ဆောင်လျက်ရှိကြရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများမှာ အချို့ ခုတင်(၅၀၀)၊ အချို့ ခုတင်(၂၀၀) လို့ သတ်မှတ်ထားပါသော်လည်း ခုတင်(၁၅၀)လို့ သတ်မှတ်ထားတဲ့ ကျွန်တော်တို့ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးထက်တော့ လူနာနည်းပါးလျက်ရှိပါတယ်။

သို့သော်လည်း ခုတင်သတ်မှတ်ချက်က များတဲ့အတွက် သူနာပြုသတ်မှတ်ချက်ကလည်း အရေအတွက် ပိုမိုများပြားနေတာ တွေ့ရမှာဖြစ်ပါတယ်။ ရန်ကုန် မျက်စိရောဂါအထူးကုဆေးရုံကြီးမှာ ၂၀၁၇ ခုနှစ်အတွင်း(Beds Occupancy) ခုတင် အသုံးပြုမှုကို (၄၅)ရာခိုင်နှုန်းလို့ သတ်မှတ်ထားခြင်းဟာလည်း ခွဲစိတ်လူနာ(၁၂၀၀၀)ကျော်ဟာ တစ်ဦးလျှင်(၂)ရက်ခန့်သာ ဆေးရုံတက်ရတဲ့အတွက် ခုတင်အသုံးပြုမှု မြန်ဆန်ခြင်းကြောင့်သာ ဖြစ်ပါတယ်။ အဲဒီအပြင် ခွဲစိတ်လူနာအချို့ဟာလည်း ၎င်းတို့နေအိမ်ကနေ နေထိုင်ရင်း ဆေးရုံမှာ ခွဲစိတ်မှုခံယူချိန်နှင့် ပြန်လည်ပြသချိန်များကိုသာ ဆေးရုံကိုလာရောက်တဲ့အတွက် (Day Care Services) များ ရှိတဲ့အတွက်ကြောင့်လည်း လူနာများဟာ ခုတင်အသုံးပြုမှုနည်းပါးရခြင်းဖြစ်ပါတယ်။ သတ်မှတ်ခုတင် အရေအတွက်ပေါ် မူတည်၍ သူနာပြုအရေအတွက်သတ်မှတ်ခြင်း၊ သတ်မှတ်ခုတင် အရေအတွက်ပေါ် မူတည်၍ ကုသမှုစရိတ် ဘဏ္ဍာငွေ သတ်မှတ်ခြင်းစတဲ့ သဘာဝမကျ လက်တွေ့မဆန်တဲ့ လျှေနံဓားထစ်သတ်မှတ်သကဲ့သို့ ဖြစ်နေတဲ့အတွက် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးရဲ့ အခြေအနေမှန်က ကျွန်တော်တို့ သက်သေပြ နမူနာပြုနေပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးကဲ့သို့ လူနာတစ်သိန်းကျော်ခန့် ရှိပါလျက် ခုတင်(၁၅၀)ရဲ့ (၄၅)ရာခိုင်နှုန်းခန့်သာ အသုံးပြုတဲ့ ဆေးရုံများအတွက် ထူးခြားချက်အဖြစ် သတ်မှတ်သင့်ပြီးတော့ လက်တွေ့လူနာအရေအတွက်အပေါ်၌သာ အခြေပြုပြီးတော့ သူနာပြုအရေအတွက်နဲ့ ကုသမှုစရိတ်ဘဏ္ဍာငွေကို သတ်မှတ်ပေးသင့်ပါကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအဆင့် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးသည် နှစ်စဉ်လူနာပေါင်း တစ်သိန်းနီးပါးခန့် ကုသပေးနေရပါလျက် မူလခုတင်(၁၅၀)အရေအတွက်ကို အခြေပြုပြီးတော့ အချိုးကျဘဏ္ဍာငွေနှင့် အချိုးကျသူနာပြု(၅၇)ဦးခန့်ကိုသာ ခန့်ထားတဲ့အတွက် လက်ငင်းအခြေအနေနှင့် လိုက်လျောညီထွေမျှတမှုမရှိပါသောကြောင့် မျက်စိဝေဒနာသည်ပေါင်းများစွာနှင့် ဆေးရုံဝန်ထမ်းများဟာ အခက်အခဲများကြားမှာ အဆင်မပြေမှုများနှင့် ကြုံတွေ့ခံစားလျက် ရှိကြပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံ မျက်စိရောဂါများနှင့် စပ်လျဉ်းပြီး အကြီးဆုံးဆေးရုံကြီးဖြစ်တဲ့ ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးဟာ အမှန်တကယ်ကုသနေရတဲ့ ဝန်နှင့်အားကို မျှတနိုင်စေဖို့ လိုအပ်နေတဲ့ သူနာပြုများနှင့် ဘဏ္ဍာငွေများ နိုင်ငံတော်က ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိရင်လည်း ဘယ်အချိန်မှ ဘယ်ကာလမှာ ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာ သိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့်ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ပညာပေးကာလသတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့် ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ပညာပေးကာလ သတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့် ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပညာပေးကာလ သတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးရတဲ့အကြောင်းရင်းကတော့ ပွင့်လင်းလာတဲ့ခေတ်မှာ လူနာစောင့် ဧည့်သည်များနှင့် ဆေးရုံဝန်ထမ်းများအကြား လူနာနှင့်ပတ်သက်ပြီး နားလည်မှုတွေ မတူကြတဲ့အတွက်၊ မဖြစ်သင့်တဲ့ပြဿနာတွေဖြစ်ကြတာ များလာတာတွေ့ရတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ လူနာများကို များနိုင်သမျှ လူအင်အားနဲ့ အချိန်ပြည့်ပြုစုအားပေးရင် လူနာအတွက်အကောင်းဆုံးနှင့် အမြန်ဆုံး နေကောင်းသက်သာမယ်လို့ ယူဆကြတာ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းနီးပါးရှိတဲ့ လူနာရှင်တွေရဲ့ သဘောထားအမြင်ပဲဖြစ်ပါတယ်။ ဆေးပညာရှင်တွေရဲ့ သက်သေပြနိုင်တဲ့ တွေ့ရှိချက်အရ ရောဂါကြောင့်သော်လည်းကောင်း၊ သုံးစွဲရတဲ့ဆေးတွေကြောင့်သော်လည်းကောင်း၊ ခုခံအားကျတဲ့ လူနာတွေအနားမှာ အစောင့်ဧည့်သည်တွေများလွန်းရင် သူတို့ဆီကပါလာတဲ့ရောဂါ အလွယ်တကူ ကူးစက်နိုင်တယ်လို့ မြင်ပါတယ်။ လူနာတွေကြား ကူးလူးသွားလာကြတဲ့အတွက် လူနာအချင်းချင်းကြား ရောဂါကူးစက်နိုင်တဲ့အတွက် တစ်ပူပေါ်နှစ်ပူဆင့်ကာ အဖိတ်အစင်များတဲ့အထိ ဖြစ်တာတွေလည်း ရှိတယ်လို့ သိရပါတယ်။

အထူးသဖြင့် ဆေးရုံတွင်းမှာ ကူးစက်တဲ့ရောဂါတွေဟာ ဆေးယဉ်ပါးမှုတွေဖြစ်ကြတဲ့ အတွက် ကုရတာလည်း အင်မတန်ခက်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့တိုင်းပြည်လိုပဲ လူနာတွေကို ဟော(Hall)ခန်းထဲမှာထားတဲ့ တိုးတက်ပြီးတိုင်းပြည်တွေမှာ ဟော(Hall)ခန်း မဝင်မီတစ်ကြိမ်၊ လူနာကို တစ်ခါကိုင်တွယ်ပြီးတိုင်းတစ်ကြိမ် ပိုးသတ်ဆေးနှင့် လက်ဆေးကြတယ်လို့လည်း သိရပါတယ်။ ကျန်းမာရေးအသိပညာပေးမှု အားကောင်းကြတဲ့အတွက် ဆေးရုံစည်းကမ်းဆိုတာ လူနာတွေကောင်းကျိုးအတွက် ချမှတ်ပြဋ္ဌာန်းထားတာ ကောင်းစွာနားလည်ပြီး လေးစားလိုက်နာကြတာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ရဲ့ဆေးရုံတွေမှာဖြစ်တဲ့ပြဿနာတွေကို လေ့လာကြည့်ရင် ဆေးရုံစည်းကမ်းတွေဆိုတာ လူနာတွေ အမြန်ဆုံးနှင့် ဘေးအကင်းဆုံးကျန်းမာလာဖို့ ချမှတ်ထားတာ မသိကြလို့ဖြစ်ကြတာ အများဆုံးဆိုတာ တွေ့ကြရပါတယ်။ ဆေးရုံဝန်ထမ်းတွေကို ကာကွယ်တဲ့စည်းကမ်းလိုလို၊ ဝန်ထမ်းမဟုတ်တာလုပ်တာ လူသိမခံချင်လို့လိုလို အမြင်အမျိုးမျိုးရှိကြတာ တွေ့ရပါတယ်။ အထက်ပါအကြောင်းအရာတွေကြောင့် ဆေးရုံစည်းကမ်းဆိုတာ လူနာတွေကောင်းကျိုးအတွက်ဖြစ်ကြောင်း လူတိုင်းနီးပါး သိရှိနားလည်ပြီး လိုက်နာကြရန်အတွက် အထူးလိုအပ်ပါတယ်။

ဒါကြောင့် အကြံပြုလိုတာက (၁) ဆေးရုံအဝင်ဝမှာရေးတဲ့ လူနာစောင့်ဧည့်သည်များ လိုက်နာရန်စည်းကမ်း ဆိုတဲ့နေရာမှာ လူနာများ အမြန်ဆုံးကျန်းမာရန်အတွက်ဆိုတဲ့ စည်းရုံးရေးအသွင်ဆောင်တဲ့ စာသားထည့်ပေးရန်၊ (၂) အပေါက်စောင့်ဝန်ထမ်း (Reception) ဝန်ထမ်းများက လာသမျှအစောင့်ဧည့်သည်များကို ပညာပေးစည်းရုံးရန်၊ (၃)က လူနာဆောင်ထဲမှာ သူနာပြု၊ ဆရာဝန်များက ပညာပေးရန်လိုအပ်ပါက မီဒီယာများမှတစ်ဆင့် ပညာပေးရန်တို့ ဖြစ်ပါတယ်။ အချိန်ကာလတစ်ခုသတ်မှတ်ပြီး စည်းရုံးပါက ပြည်သူအများစု နားလည်လက်ခံပြီး စည်းကမ်းတွေကို လိုလိုချင်ချင်နှင့် အပြန်အလှန်ထိန်းကျောင်းကြပြီး လိုက်နာကြမယ်လို့ ယုံကြည်ပါတယ်။ ဆေးရုံမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတွေ နည်းပါးသွားမယ့်အပြင် ဆေးရုံတွေကို ပြည်သူတွေက အမြင်စောင်းတာလည်း နည်းသွားမယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းကတော့ ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့်ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပညာပေးကာလသတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ အနောက်ရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်း တိုက်နယ်၊ အနောက်ရွာ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာခွင့်တောင်းခံအပ်ပါတယ်။ ပထမ Slide ကတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်ရဲ့ လူဦးရေ၊ နေထိုင်တဲ့ပုံစံဖြစ်ပါတယ်။ ဒုတိယ Slide ကတော့ ရမ်းဗြဲမြို့နယ်ရဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာအချက်အလက်များဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီအချက်အလက်ကို ကြည့်လိုက်လို့ရှိရင် ရမ်းဗြဲ

မြို့နယ်မှာ မြို့နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံ(၅)ခု၊ စုစုပေါင်း(၆)ခုရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ကျွန်မတို့ ရမ်းဗြဲမြို့နယ်ဟာ တိုက်နယ်ဆေးရုံအများစုရှိတယ်လို့ အချက်အလက်မှာဖော်ပြပေမယ့်လည်း လက်တွေ့မှာတော့ Section မကျသေးတဲ့ ၂၀၁၄ -၂၀၁၅၊ ၂၀၁၅ -၂၀၁၆ မှာ ဆောင်ရွက်ခဲ့တဲ့ Section မကျသေးတဲ့ တိုက်နယ်ဆေးရုံ(၂)ခု ပါရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ စီမံခန့်ခွဲမှုများလွဲမှားမှုသည် ယနေ့အထိ ကျွန်မရဲ့မဲဆန္ဒနယ်ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အတိအကျဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ အနီးစပ်ဆုံးဆေးရုံ၊ ဆေးပေးခန်းများနှင့် လိုအပ်ချက်တွေကို တိုင်းတာတဲ့အခါမှာ ကျွန်မရမ်းဗြဲဆေးရုံနဲ့ လေးတောင်တိုက်နယ်ဆေးရုံမှာဆိုရင် (၁၃)မိုင် (၄)ဖာလုံ ဖြစ်တဲ့အတွက်ကြောင့် မို့လို့ Criteria နဲ့ညီတယ်လို့ ပြောနိုင်ပါတယ်။ စကုကျွန်းတိုက်နယ်ဆေးရုံဟာလည်း သီးခြားရှိတဲ့အတွက်ကြောင့်မို့လို့ ဒါတိုက်နယ်ဆေးရုံ ပေးသင့်ပေးထိုက်တယ်လို့ ဒါရှိထားပြီးသားဖြစ်ပါတယ်။ ကျောက်နီမော်နဲ့ဆိုရင်တော့ (၂၅)မိုင် (၅)ဖာလုံ အခု ကျွန်မ တင်ပြတောင်းဆိုတဲ့ မေးခွန်းမှာပါတဲ့ အနောက်ရွာကျေးလက်ကျန်းမာရေးဟာဆိုလို့ရှိရင် (၁၃)မိုင် (၄)ဖာလုံရှိပါတယ်။

ဒါကြောင့်မို့လို့ ရှေ့မှာ ကျွန်မ ပြောပြခဲ့တဲ့ ရမ်းဗြဲဆေးရုံနဲ့ ကုန်ဘောင်တိုက်နယ်ဆေးရုံ၊ မြေပုံတိုက်နယ်ဆေးရုံဟာဆိုလို့ရှိရင် စံအဖြစ် သတ်မှတ်ထားတဲ့ Criteria နဲ့ မပြည့်မီဘဲနဲ့ တိုက်နယ်ဆေးရုံအတွက် ချပေးခဲ့တာကို တွေ့ရတဲ့အတွက်ကြောင့် အမှန်တကယ်လိုအပ်တဲ့ အနောက်ရွာကျေးရွာအုပ်စုမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနကို အဆင့်မြှင့်တိုးရမယ့်အစား၊ (၁၃)မိုင်ဝေးတဲ့နေရာမှာအဆင့်မြှင့်တိုးရမယ့်အစား စီမံခန့်ခွဲမှု လွဲမှားမှုကြောင့် အခု ပြည်သူတွေ ဒုက္ခတွေခံစားနေရတဲ့နေရာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ်။

ဆရာဝန်လိုအပ်ချက်ကို ကျွန်မ လေ့လာလိုက်တဲ့အခါမှာ ကျွန်မတို့ ရမ်းဗြဲမြို့နယ်တစ်မြို့နယ်လုံးမှာ ဆေးရုံရှိသလောက် ဆရာဝန် (Man Power) ရှားပါးနေပါတယ်။ မြို့ပေါ်ဆေးရုံမှာဆိုလို့ရှိရင် ဆေးရုံအုပ်ကြီး(၁)ဦးအပါအဝင် လက်ထောက်(၂)ဦး၊ အထူးကု(ဆေးရုံ) ဆိုသော်ငြားလည်းပဲ သွားဘက်ဆိုင်ရာအထူးကု(၁)ဦးသာ ရှိပါတယ်။ လောလောဆယ်မှာ လေးတောင်တိုက်နယ်ကိုဒီနေ့မနက်အထိ ဖုန်းဆက်လိုက်တဲ့အခါမှာ လေးတောင်တိုက်နယ်မှာ ဆရာဝန်မရှိပါဘူး။ ဇွန်လ ၂၉ ရက်နေ့ကတည်းက ပြောင်းရွှေ့သွားတာတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မ မေးမြန်းတဲ့ (၄၅)ရွာရှိတဲ့ တိုက်နယ် (၁၆)ရွာရှိတဲ့တိုက်နယ်မှာလောလောဆယ် ဆရာဝန် မရှိတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေးစောင့်ရှောက်မှု လုံးဝမရှိနိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ နောက်တစ်ခုက ကျောက်နီမော်မှာ ဆရာဝန်ရှိပါတယ်။ ကျွန်မတို့ရာသီမရွေးသွားလာနိုင်တဲ့ နေရာတွေမှာတော့ ကျွန်မတို့ ရှိ၊ မရှိ အရေးမကြီးပေမယ့် စကုကျွန်းလိုနေရာမှာနေပြီးတော့ ကျွန်မ ဖော်ပြထားတဲ့အတိုင်း ၂၀၁၇ ခုနှစ်၊ ၉ လပိုင်းကတည်းက ပြောင်းရွှေ့သွားတာယနေ့ထိ ပြန်မရောက်သေးပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ကျွန်မစကုတိုက်နယ်နဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းတဲ့အခါမှာတော့ ဝန်ကြီးဌာနကနေပြီးတော့ ဖြည့်စွက်ပေးဖို့အတွက် ပြောခဲ့ပါတယ်။ ဒါပေမဲ့ ယခုအချိန်အထိ အခုလစ်လပ်နေဆဲ ဖြစ်ပါတယ်။ ဒါကတော့

ကျွန်မရဲ့ အခုလိုအပ်တဲ့ အနောက်ရွာကျေးရွာရဲ့ အခြေအနေကိုတင်ပြထားခြင်း ဖြစ်ပါတယ်။ ဒါ အနောက်ရွာကျေးရွာကနေ ရမ်းဗြဲမြို့ပေါ်ကို (၁၃)မိုင်သွားရတဲ့ မိုးရာသီ မိုးမရွာတဲ့နေ့များရဲ့လမ်း အခြေအနေပါ။ ဒီလိုမျိုး လမ်းအခြေအနေတွေမှာ လူနာတင်ယာဉ်တွေ ဘယ်လိုသွားကြမလဲ။ သာမန် ပြည်သူတွေ၊ ကျန်းမာတဲ့ပြည်သူတွေတောင် ဘယ်လိုသွားကြမလဲ။ ကျွန်မတို့ ဒါမေးခွန်း ထုတ်စရာပါ။ ဒီလမ်းလည်းဒီတိုင်းပါပဲ။

ဒါကတော့ အနီးစပ်ဆုံး ကျွန်မတို့ (၆)မိုင်ဝေးတဲ့ လေးတောင်တိုက်နယ်နှင့် ဆေးရုံသွားမယ့် နေရာမှာဆိုလို့ရှိရင် ပြီးခဲ့တဲ့တစ်ပတ်ကပဲ ဒီကိစ္စဖြစ်ပွားခဲ့ပါတယ်။ လမ်းကို နွေရာသီမှာမလုပ်ဘဲ မိုးရာသီမှာလုပ်တယ်။ သင်တန်းသွားတက်မယ့် ဆရာမတွေ ဒီလိုမျိုးဒုက္ခတွေ ကြုံနေရပါတယ်။ အနီးစပ်ဆုံး တိုက်နယ်ဆေးရုံရှိတဲ့နေရာမှာ ကျွန်မ အခု တင်ပြတောင်းဆိုတဲ့ မေးခွန်းပါ နေရာက လာမယ်ဆိုလို့ ရှိရင် ဒီလိုမျိုး ဒုက္ခတွေ ကြုံရမှာပါ။ ဒါကတော့ ပြီးခဲ့တဲ့ရက်ကပဲ လူမှုကွန်ယက်မှာဖော်ပြခြင်းခံရတဲ့ သတင်းတွေမှာပါလာတဲ့ ကျန်းမာရေး စောင့်ရှောက်မှုကိုမပြောနှင့် ပညာရေးဝန်ထမ်းများတောင် မိုးရာသီမှာ ကားကနေပြီးတော့ လူကို ပြန်စီးနေတဲ့ အခြေအနေပါ။ ဒါကနေပြီးတော့ သူတို့ အခုအချိန်မှာပဲ လမ်းလုပ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင်။ ကျောက်ချောင်း တိုက်နယ်၊ အနောက်ရွာကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနကို ကျောက်ချောင်းတိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် ဖော်ပြပါ အချက်အလက်များသည် အမှန်တကယ် လိုအပ်တဲ့အခြေအနေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့လည်း ဒီနေရာမှာ တိုက်နယ်ဆေးရုံဖြစ်ဖို့အတွက် ကျွန်မ တောင်းဆိုပါတယ်။ ပြည်သူ့ကိုယ်စားလည်း ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ရမ်းဗြဲမြို့နယ် ဆေးရုံများရှိ ဆရာဝန်ဦးရေ အခြေအနေပြပုံ (ဆ)

- ဆရာဝန်လိုအပ်ချက်ရှိ ( Manpower ) - ရမ်းဗြဲမြို့ဆေးရုံသည် အထူးကုဆေးရုံ ဆိုသော်လည်း ဆေးရုံအုပ် ၊ လက်ထောက် (၂) ဦး သွားဘက်ဆိုင်ရာ အထူးကုတစ်ဦးတည်းသာရှိသော ဆေးရုံဖြစ်
- လေးတောင်တိုက်နယ်ဆေးရုံတွင် ဆရာဝန်ပြောင်းရွှေ့သွားသည်မှာ တစ်လလောက်ရှိပြီဖြစ်၊ တကယ်အလုပ်လုပ်ရမယ့်နေရာမှာ ဆရာဝန် တစ်ယောက်မှမရှိ ၊ လစ်လပ် လျက်ရှိသော တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးပါရန်တိုက်တွန်း
- ကျောက်နီမော်တိုက်နယ်ဆေးရုံ ဆရာဝန်ရှိ ၊ စကုတိုက်နယ်ဆေးရုံ (အရောက်ပြပြန်သွား၊ မိုးရာသီသွားလာလို့မရသော နေရာဖြစ် ( ၁၀. ၉ . ၂၀၁၇ နေ့တွင် ပြောင်းရွှေ့သွား)
- ကုန်ဘောင်တိုက်နယ်ဆေးရုံ ( ဆေးရုံဆောက်ပြီး Section မကျသေး)
- မြေပုံတိုက်နယ်ဆေးရုံ (ဆေးရုံဆောက်ပြီး Section မကျသေး )

## အနောက်ရွာကျေးရွာ အခြေခံအနေပြပုံ (ဆ-၁)

- အနောက်ရွာ ကျေးလက်ကျမ်းမာရေးဌာနသည် ရမ်းဗြဲမြို့နယ် ကျောက်ချောင်းတိုက်နယ်တွင် တည်ရှိပြီး ကျေးရွာအုပ်စုပေါင်း (၉)အုပ်စုရှိ
- ၎င်းတို့မှာ - (၁) သာစည်ပြင်ကျေးရွာအုပ်စု၊ (၂) လက်ပန်ပြင်ကျေးရွာအုပ်စု၊ (၃) ဆင်ဆီကျေးရွာအုပ်စု၊(၄) ကျောင်းပြိန်းကျေးရွာအုပ်စု၊ (၅) ကျောက်နဂါးကျေးရွာအုပ်စု၊(၆) အောင်လှပြင်ကျေးရွာအုပ်စု၊ (၇) ဦးဂကျေးရွာအုပ်စု၊ (၈) သင်းပေါင်းချောင်းကျေးရွာအုပ်စုနှင့် (၉) အနောက်ရွာကျေးရွာအုပ်စု
- ကျေးရွာပေါင်း (၄၅) ရွာ၊ လူဦးရေစုစုပေါင်း (၂၃၅၈၂) ရှိပြီး၊ အိမ်ခြေပေါင်း (၃၃၆၈) အိမ်ရှိ တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ရရှိပါက အကျိုးပြုမည့် ကျေးရွာပေါင်း(၄၅)ရွာသည် ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကူးလူးဆက်ဆံမှုရှိပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပါသည်။ မြေနေရာ ရှိပြီးသားဖြစ်ကြောင်း ပြည်သူများမှတင်ပြ
- အနီးစပ်ဆုံးဆေးရုံနှင့် ကျန်းမာရေးဌာနအကွာအဝေး ရမ်းဗြဲမြို့ပြည်သူ့ဆေးရုံသို့(၁၂)မိုင်၊ လေးတောင်တိုက်နယ်ဆေးရုံ (၆) မိုင် ကွာဝေးပါသည်။

## ကျောက်ချောင်းတိုက်နယ် အနောက်ရွာကျေးလက်ကျန်းမာရေးဌာနနှင့်အနီးဆုံး လေးတောင်တိုက်နယ်ဆေးရုံမှ ရမ်းဗြဲမြို့နယ်ဆေးရုံသို့သွားသည့် လေးတောင်ရမ်းဗြဲလမ်း အခြေအနေမြင်ကွင်းပုံ (ဆ-၂)



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်ပေါင်း(၃၃၀) ရှိသည့်အနက် မြို့နယ်ငယ်လေးများရှိ (၂၅)ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးရွာများရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် T.M.O များ၊ A.S လက်ထောက်ဆရာဝန်များအနေဖြင့် လက်ရှိတာဝန်ကျရာဆေးရုံမှ အခြားဒေသရှိ ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည့်အခါ ၎င်းတို့ကိုယ်စား တာဝန်ထမ်းဆောင်ရမည့် T.M.O , S.M.O , A.S ဆရာဝန်များ ရောက်ရှိမှသာ အခြားဒေသဆေးရုံများသို့ ပြောင်းရွှေ့ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်ပေါင်း(၃၃၀) ရှိသည့်အနက် မြို့နယ်ငယ်လေးများရှိ (၂၅)ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးရွာများရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် T.M.O များ၊ A.S လက်ထောက်ဆရာဝန်များအနေဖြင့် လက်ရှိ တာဝန်ကျရာဆေးရုံမှ အခြားဒေသရှိဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည့်အခါ ၎င်းတို့ကိုယ်စား တာဝန်ထမ်းဆောင်မည့် T.M.O, S.M.O, A.S ဆရာဝန်များ ရောက်ရှိမှသာ အခြားဒေသ ဆေးရုံများသို့ ပြောင်းရွှေ့ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် လွှတ်တော်မှာ မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့ငယ်လေးများမှာရှိတဲ့ (၂၅)ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးရွာများမှာရှိတဲ့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများမှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ T.M.O, S.M.O, A.S ဆရာဝန်များအနေဖြင့် လက်ရှိ တာဝန်ကျရာဒေသမှ အခြားဒေသရှိ ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာတဲ့အခါမှာ ၎င်းတို့ထမ်းဆောင်ရမည့် T.M.O, S.M.O, A.S ဆရာဝန်များ ရောက်ရှိမှသာ အခြားဒေသဆေးရုံများသို့ ပြောင်းရွှေ့ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့်ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်ပေါင်း(၃၃၀) ရှိသည့်အနက် မြို့နယ်ငယ်လေးများ ဖြစ်ကြတဲ့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံများတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး T.M.O အပါအဝင် လက်ထောက်ဆရာဝန်(၂)ဦးဖြင့်လည်းကောင်း၊ ကျေးလက်ဒေသများရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများမှာ တာဝန်ခံဆရာဝန်(၁)ဦးနှင့် လက်ထောက်ဆရာဝန်(၁)ဦး၊ ပေါင်း(၂)ဦးဖြင့်လည်းကောင်း၊ မိမိတို့ဒေသရှိ ဆေးရုံများမှာ အသီးသီး တာဝန်ယူကုသပေးလျက်ရှိကြောင်းသိရှိရပါတယ်။ သို့ပါသော်လည်း

အချို့သော (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံများမှာ T.M.O (၁)ဦးနှင့် A.S (၁)ဦး၊ အချို့သော တိုက်နယ်ဆေးရုံများမှာ S.M.O (၁)ဦးတည်းသာရှိသော ဆေးရုံများလည်း ရှိနေပါတယ်။ အဲဒီထဲမှာတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်ကြတဲ့ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့ ပါဝင်နေပါတယ်။ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေအရ ဆရာဝန်၊ ဆရာမများ လိုအပ်ချက်ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြည့်ဆည်းပေးနေရလို့မို့ လူနာများ အဆမတန် များပြားတဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ဆေးရုံကြီးများနှင့် အခြားသော မြို့ကြီးများရဲ့ ဆေးရုံတွေမှာ ဆရာဝန်၊ ဆရာမ ပိုမိုအားဖြည့်ပေးနေရတာကိုလည်း မိမိအနေနဲ့ ကောင်းစွာ သဘောပေါက်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပြည့်စုံအောင် မဖြည့်ဆည်းပေးနိုင်ပေမယ့် လက်ရှိတာဝန်ယူကုသနေတဲ့ ကျန်းမာရေးဝန်ထမ်းများကတော့ ရှိတဲ့အင်အားနဲ့ ဖြစ်ညှစ်ပြီးတော့မှ အပင်ပန်းခံ ကုသပေးနေတာကို လွှတ်တော်နားရက်တွေတိုင်း မိမိရဲ့ မဲဆန္ဒနယ်ဆေးရုံတွေ၊ တိုက်နယ်ဆေးရုံတွေကို ရောက်ရှိလို့ သိရှိနားလည်မိပါတယ်။ ပြည်ထောင်စုဝန်ကြီးကလည်း ပကတိအခြေအနေအရ ဆရာဝန်၊ ဆရာမ လိုအပ်ချက်တွေကို ပြည့်စုံအောင် မဖြည့်ဆည်းပေးနိုင်သော်လည်း ဆေးရုံအတွက် အခြားလိုအပ်ချက်တွေကိုတော့ ပြည့်စုံအောင် ဖြည့်ဆည်းပေးပါမယ်ဆိုတဲ့အကြောင်း အမျိုးသားလွှတ်တော်မှာ ဝန်ကြီး ဖြေဆိုထားတာကိုလည်း သတိထားမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့ငယ်လေးများရဲ့ (၂၅)ခုတင်ဆံ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ T.M.O, A.S (၂)ဦး၊ စုစုပေါင်း (၃)ဦးရှိတဲ့ဆေးရုံများမှာ ဆိုရင်ဖြင့် (၁)ဦးပြောင်းရွှေ့သွားတာ ပြဿနာမရှိလှသော်လည်းပဲ T.M.Oနှင့် A.S (၂)ဦးသာရှိတဲ့ ဆေးရုံနှင့် S.M.O (၁)ဦးတည်းသာရှိတဲ့ တိုက်နယ်ဆေးရုံများအတွက်တော့ (၁)ဦးပြောင်းသွားတာနှင့် ဆေးရုံမှာ အခက်အခဲများစွာနဲ့ ကြုံခဲ့ရပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကိုယ်စားဆရာဝန် အချိန်မီ ရောက်ရှိမလာသေးခြင်းကြောင့်လည်းကောင်း၊ (၃)လ Releaving လာမယ့်ဆရာဝန်ကလည်း အချိန်မီ ရောက်ရှိမလာခြင်းတို့ကြောင့် တစ်ခါတစ်ရံ ဆေးရုံမှာ ဆရာဝန်မရှိတဲ့ဆေးရုံ ဖြစ်သွားတတ်ပါသေးတယ်။ ဒါကလည်း ကျွန်တော်တို့ ကိုယ်တွေ့ပါ။ အဲဒီလိုအခြေအနေမျိုးမှာ မီးဖွားရန် ရောက်ရှိလာတဲ့ ကိုယ်ဝန်ဆောင်မိခင်များ၊ အရေးပေါ်လူနာများ၊ ဆေးရုံသို့ ရောက်ရှိလာတဲ့အခါမှာ အခက်အခဲများစွာနှင့် ကြုံတွေ့ကြရပါတယ်။ ဒါကြောင့် ပြည်သူ့ဆေးရုံနှင့် ပြည်သူလူထုအကြား မလိုလားအပ်သော ပြဿနာများ မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ မည်သည့်အချိန် မည်သည့်လူနာ ရောက်လာသည်ဖြစ်စေ ရှိသည့်အင်အားနှင့် အချိန်မီ ကုသပေးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူလူထုများမှ ပြည်သူ့ဆေးရုံအား ပိုမိုအားကိုးအားထားပြုလာစေရန်အတွက်လည်းကောင်း ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားဒေသများမှာ အခုလို ပြဿနာမျိုးမရှိခဲ့ဘူးဆိုရင်တော့ ဒီမေးခွန်းဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်အတွက် မေးမြန်းတဲ့ မေးခွန်းပဲဖြစ်ပါမယ်။ သို့ဖြစ်ပါ၍ မြို့ငယ်လေးများရှိ (၂၅)ခုတင်ဆံ့ဆေးရုံများနှင့် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် T.M.O, S.M.O, A.S ဆရာဝန်များအနေဖြင့် လက်ရှိ တာဝန်ကျရာဆေးရုံများမှ အခြားဒေသရှိဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာပါက ၎င်းတို့ကိုယ်စား တာဝန်ထမ်းဆောင်ရမည့် ဆရာဝန်များရောက်ရှိမှသာ အခြားဒေသဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုရန်

သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မီးဇာကျေးရွာတို့ရှိ တိုက်နယ်ဆေးရုံတို့တွင် အရေးပေါ် လူနာတင်ယာဉ် တစ်စီးစီနှင့် ဒီဇယ်မီးစက်တစ်လုံးစီ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မီးဇာကျေးရွာတို့ရှိ တိုက်နယ်ဆေးရုံတို့တွင် အရေးပေါ် လူနာတင်ယာဉ် တစ်စီးစီနှင့် ဒီဇယ်မီးစက်တစ်လုံးစီ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နှင့် ဆမီးမြို့သည် ၂၀၁၂ ခုနှစ်ကတည်းကစတင်၍ မြို့အဆင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ အ.ထ.က ကျောင်း၊ ရဲစခန်း၊ တိုက်နယ်ဆေးရုံနှင့် အခြားဘာသာရေး အဆောက်အအုံများစွာရှိပါတယ်။ ဆမီးတိုက်နယ်ဆေးရုံကို လွန်ခဲ့တဲ့ (၁၇)နှစ်ခန့်က စတင်၍ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဌာနဆိုင်ရာပေါင်းစုံနေထိုင်ပြီး လက်ရှိစာရင်းအရ မြို့ပေါ် လူဦးရေ(၄၀၀၀)နီးပါး နေထိုင်လျက်ရှိပါတယ်။ မြို့လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆေးရုံ၊ ဆေးခန်းပြ လူနာများ၊ အရေးပေါ်လူနာများ များပြားလာသည့်အတွက် အရေးပေါ်လူနာတင်ယာဉ် (၁)စီး မဖြစ်မနေ လိုအပ်နေပါတယ်။ မြို့တွင်းလမ်းများကလည်း ကားများ သွားလာနိုင်ပြီဖြစ်ပါတယ်။

ဒေသအတွင်း အလှူရှင်များလည်း မပေါ်လာသည့်အတွက် သာရေး၊ နာရေးကိစ္စအတွက် အလွန် ဒုက္ခကြုံရပါတယ်။ ထို့အတူ မီးစက်(၁)လုံးလည်း လိုအပ်နေလျက်ရှိပါတယ်။ ဒီ့အပြင် အထက် တင်ပြပါအတိုင်း မီးဇာကျေးရွာ တိုက်နယ်ဆေးရုံအတွက်လည်း အရေးပေါ်လူနာတင်ယာဉ် (၁)စီး လိုအပ် နေပါတယ်။ သာရေး၊ နာရေးများအတွက် အချိန်နှင့်တစ်ပြေးညီ ကုသမှုဆောင်ရွက်ရာတွင် ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးအတွက် စဉ်းစားပေးစေလိုပါတယ်။ အဆိုပါ တိုက်နယ်ဆေးရုံသည် မီးစက်(၁)လုံးလည်း လိုအပ်နေပါတယ်။ ဒေသခံပြည်သူများလည်း အနေဆင်းရဲ၊ အစားဆင်းရဲ၊ ဆက်သွယ်ရေးကွန်ယက် လည်းမရှိ၊ အသွားအလာကလည်း ခက်ခဲဆိုတော့ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသအနေဖြင့် စဉ်းစားပေးဖို့ တောင်းဆိုပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် မပေးနိုင်ရင်တောင်မှ အလှူရှင် များနှင့် ဆက်စပ်ပေးပြီး ကူညီဆောင်ရွက်ပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဝေးလံခေါင်သီသော ကျေးလက်နေ အများပြည်သူများ၏ဘဝကို စာနာထောက်ထားသောအားဖြင့် ကျွန်တော်၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ တိုက်နယ်ဆေးရုံနှင့် မီးဇာကျေးရွာ တိုက်နယ်ဆေးရုံတို့တွင် အရေးပေါ် လူနာတင်ယာဉ် (၁)စီးစီနှင့် ဒီဇယ်မီးစက်(၁)လုံးစီ ချထားပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်ရှင်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးရှိ သူနာပြုဝန်ထမ်းအင်အားမှာ သူနာပြုအုပ် ခွင့်ပြု(၁)ဦး၊ ခန့်ထားခြင်းမရှိ၊ လစ်လပ်(၁)ဦး ရှိနေပါတယ်။ အဲဒီအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ EC မှာတင်ပြပြီးတော့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ သူနာပြုကြီး ခွင့်ပြု(၁၀)ဦး၊ ခန့်ထား(၈)ဦး၊ လစ်လပ်(၂)ဦး ရှိပါတယ်။ ရာထူးတိုးခေါ်ယူခန့်ထားတာ ဆောင်ရွက်ဆဲဖြစ်တဲ့အတွက်ကြောင့် (၃)လခန့် ကြာနိုင်ပါတယ်။ အထက်တန်းသူနာပြု(၃၀)ဦး၊ ခန့်ထား(၂၇)ဦး၊ လစ်လပ်(၃)ဦးဖြစ်ပါတယ်။ ၎င်းလစ်လပ်(၁)ဦး ခန့်ထားရေးအတွက် အော်ဒါထွက်ရန် အဆင်သင့်ဖြစ်နေပါပြီ။ သူနာပြု(၄၀)ဦး ခွင့်ပြုထားပါတယ်။ ကျွန်မတို့ ခန့်ထားတာ (၂၃)ဦးရှိပါတယ်။ လစ်လပ်တာ (၁၇)ဦးရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ သစ်လွင်များ ထွက်လာမှာဖြစ်ပါတယ်။ သူနာပြုသစ်လွင်များ ထွက်လာတဲ့အခါမှာ ဦးစားပေးခန့်ထားမည် ဖြစ်ပါတယ်ရှင်။ အဲဒီတော့ ကျွန်မတို့ရဲ့ ဒီ မျက်စိအထူးကုဆေးရုံကြီးမှာ စုစုပေါင်း သူနာပြု ခွင့်ပြု(၈၁)ဦး၊ ခန့်ထား(၅၈)ဦး၊ ကျွန်မတို့ လစ်လပ်(၂၃)ဦး ခန့်ထားမှုရာခိုင်နှုန်းဟာ (၇၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှာ သူနာပြုခန့်ထားမှု (၇၂)ရာခိုင်နှုန်းရှိတဲ့အတွက် ဗဟိုအဆင့်ဆေးရုံကြီး(၃၉)ရုံနှင့် သူနာပြု ခန့်ထားရာခိုင်နှုန်းအနေနဲ့ ပျမ်းမျှ(၅၈.၃)ရာခိုင်နှုန်းရှိပြီး ၎င်းထက်နည်းသောဆေးရုံ(၂၉)ရုံ၊ များသောဆေးရုံ(၉)ရုံသာရှိကြောင်း တွေ့ရှိရပါတယ်။

ကုသရေးဦးစီးဌာနအနေဖြင့် လက်ရှိခန့်ထားမှုနှုန်း အလွန်နည်းပါးသော သူနာပြုများ ခန့်ထားရာတွင် ဆေးရုံများ၏ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ဦးစားပေးခန့်ထားပေးလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ သူနာပြုသစ်လွင် ခန့်ထားသည့်အခါတွင်လည်း ရန်ကုန်မျက်စိ

ရောဂါအထူးကုဆေးရုံကြီးသို့ ဦးစားပေး ခန့်ထားသွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ကုသရေး ဦးစီးဌာန လက်အောက်ရှိ ရန်ကုန် မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် လိုအပ်သည့် ဘဏ္ဍာငွေများကို နိုင်ငံတော်မှ ခွင့်ပြုရရှိထားသည့် ရန်ပုံငွေပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါတယ်။ သာမန်အသုံးစရိတ် ရန်ပုံငွေကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၈၁၄.၅၉၂)သန်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၁၁၈၈.၆၂၇)သန်း ခွဲဝေပေးခဲ့ပါတယ်။

ဆေးဝါးအသုံးစရိတ် ရန်ပုံငွေများကို ခွဲဝေရာတွင် ဆေးရုံတက်ရောက်ကုသမှု ခံယူသော လူနာအရေအတွက်၊ ခုတင်လုံးရေ၊ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ တွက်ချက်ပြီး လုပ်ငန်းသဘာဝ မတူသော ဘာသာရပ်တူသည့် အထူးကုဆေးရုံကြီးများအတွက် သီးခြား စဉ်းစားပြီး ခွဲဝေပေးပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးမှ မူလခွဲဝေထားသော ရန်ပုံငွေအပြင် ထပ်မံတောင်းခံလာခြင်းအပေါ် လက်ကျန်ရှိသော ရန်ပုံငွေမှ ကျပ်(၆၈.၉၇)သန်းကျော် ခွင့်ပြုပေးခဲ့ပါတယ်။ လာမည့် ဘဏ္ဍာနှစ်များတွင်လည်း ခွင့်ပြုရရှိသည့် ရန်ပုံငွေအပေါ် မူတည်၍ ရန်ကုန်မျက်စိရောဂါဆေးရုံကြီးအတွက် ရန်ပုံငွေ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဆေးရုံ စည်းကမ်းများကို လူနာစောင့်နှင့်ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ပညာပေးကာလသတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ဆေးရုံတက်ရောက် ကုသမှု လူနာ(၁၀၀)တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ (၇)ဦး၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ (၁၀)ဦးခန့်သည် ဆေးရုံမှ တစ်ဆင့် ကူးစက်တတ်သော ရောဂါများကို နှစ်စဉ်ခံစားနေရပြီး ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများတွင် ဆေးရုံမှတစ်ဆင့် ရောဂါဖြစ်ပွားမှုမှာ လူနာ(၁၀၀၀)တွင် (၅.၇)နှင့် (၁၉.၁)ဦးကြား ဖြစ်ပွားနေကြောင်း တွေ့ရှိရပါတယ်။

မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်အရ လူနာများအား အားပေးကူညီမှုရှိစေရန် ရည်ရွယ်ပြီး လူနာစောင့်(၁)ဦးထက်ပိုကာ စောင့်ကြည့်လိုခြင်း၊ ဧည့်သည်များ လာရောက်အားပေးခြင်း တို့ကိုပြုလုပ်လေ့ရှိပါတယ်။ ပြည်သူ့ဆေးရုံများတွင် လူနာစောင့်နှင့် ဧည့်သည်များ များပြားမှုကြောင့် ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုများပြားစေနိုင်ခြင်း၊ ဆရာဝန်၊ သူနာပြုများ၏ ဆေးကုသမှု လုပ်ငန်းတာဝန်များ အနှောင့်အယှက်ဖြစ်စေခြင်း၊ ဆေးရုံသို့ လာရောက်သူများ စည်းကမ်း လိုက်နာမှုမရှိပါက ဆေးရုံအတွင်းနှင့်အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေး ထိခိုက်စေခြင်းတို့ကြောင့် လူနာ (၁)ဦးလျှင် လူနာစောင့်(၁)ဦးသာ ကြည့်ရှုခွင့်ပြုခြင်း၊ လူနာစောင့်လက်မှတ်ထုတ်ပေးခြင်း၊ ဧည့်တွေ့ချိန်၊ ထမင်းပို့ချိန် သတ်မှတ်ခြင်း၊ လူနာနှင့်လူနာစောင့်များ၏ စည်းကမ်းများကို အများပြည်သူ မြင်သာအောင် ဖော်ပြထားရှိခြင်း၊ ဆရာဝန်၊ သူနာပြုများက လူနာများအား ပြုစုကုသမှုပေးနေစဉ် အခါအားလျော်စွာ ပညာပေးခြင်း၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်ခြင်း (Hospital Infection Control) လုပ်ငန်းတစ်ခုအဖြစ် လက်ဆေးခြင်း အသိပညာပေးခြင်းနှင့် လက်တွေ့ ပြသခြင်းတို့ကို ကွန်မတို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

လူနာနှင့် လူနာစောင့်များသည် ရောဂါဝေဒနာကုသမှုခံယူရန် ရောက်ရှိလာသည့်အခါ စိတ်ပူပန်နေရသူများဖြစ်နေသဖြင့်လည်းကောင်း၊ ဧည့်သည်များသည် လူနာအား အားပေးမှုပြုရန် ယာယီ လာရောက်ခြင်းဖြစ်သဖြင့်လည်းကောင်း သီးခြားတစ်ဦးစီ အသိပညာပေးနိုင်ရန် ခက်ခဲလှပါသဖြင့် လူနာများ ဆေးကုသမှုခံယူရန်ရောက်လာသည့်အခါ လူနာနှင့်လူနာစောင့်များ၏ စည်းကမ်းများကို လက်ဆေးခြင်းအပါအဝင် ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်းနှင့် ပတ်သက်၍ ပညာပေးစာရွက်များဖြန့်ဝေခြင်း၊ လူနာများထံသို့ လာရောက်သည့် ဧည့်သည်များ အတွက် ဧည့်တွေ့ကတ်များ ပြုလုပ်ပေးခြင်း၊ ဧည့်သည်များအား စည်းကမ်းသတ်မှတ်ထားသည့် စည်းကမ်းများနှင့် ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါကာကွယ်ခြင်းနှင့် ပတ်သက်သည့် ပညာပေးစာရွက်များ ဖြန့်ဝေခြင်း၊ လူနာစောင့်များအား ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် စည်းကမ်းများအကြောင်းတို့ကို ပညာပေးအစီအစဉ်များဖြင့် အပတ်စဉ် ပုံမှန်ဆောင်ရွက်ခြင်း၊ ဆေးရုံအထောက်အကူပြု အဖွဲ့အစီအစဉ်ဖြင့် ဆေးရုံအလိုက် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ခြင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူနာ၊ လူနာစောင့်နှင့် ဧည့်သည်များ၏ စည်းကမ်းများနှင့် အသိပညာပေးစာစောင်ဖြန့်ဝေရာတွင် လူနာများ ဆေးကုသမှုခံယူရာတွင် အထောက်အကူ ဖြစ်စေရန်နှင့် ရောဂါလျင်မြန်စွာ ပျောက်ကင်းစေရန်တို့အတွက် ဖော်ပြပါ စည်းကမ်းများအား လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည် စာသားအား ဖြည့်စွက်ဖော်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ အနောက်ရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်တွင် လူဦးရေ(၉၇၃၄၉)ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင်(၅၀)ဆံ့ ရမ်းဗြဲပြည်သူ့ဆေးရုံ (၁)ရုံ၊ ကျောက်နီမော် တိုက်နယ်ဆေးရုံ၊ လေးတောင်သရက်ချိုတိုက်နယ်ဆေးရုံ၊ စကုကျွန်းတိုက်နယ်ဆေးရုံ၊ ကုန်းဘောင်တိုက်နယ်ဆေးရုံနှင့် မြေပုံတိုက်နယ်ဆေးရုံ စုစုပေါင်း (၆)ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

ရမ်းဗြဲမြို့နယ် အနောက်ကျေးရွာသည် ကျောက်ချောင်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲမဟုတ်ဘဲ လေးတောင် ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲသာ ဖြစ်ပါတယ်။ ကျောက်ချောင်း ကျေးလက်ကျန်းမာရေးဌာနနှင့်လည်း မျက်နှာချင်းဆိုင်တည်ရှိနေပါတယ်။ ရမ်းဗြဲမြို့နယ်၊ လေးတောင် ကျေးလက်ကျန်းမာရေးဌာနအောက်တွင် သပြေကျွန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အတွင်းပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကုန်းဘောင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အနောက်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အောင်လှပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇီးတော ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း (၆)ခုရှိပါတယ်။

အနောက်ရွာကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၄)ရွာ၊ အိမ်ခြေပေါင်း(၂၅၄)အိမ်၊ လူဦးရေ (၈၂၄)ဦးရှိပါတယ်။ အနောက်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ ၂၀၁၃ ခုနှစ်တွင် လူနာအသစ် (၂၅၂)ဦး၊ ၂၀၁၄ ခုနှစ်တွင် လူနာ (၉၅၀)ဦး၊ ၂၀၁၅ ခုနှစ်တွင် (၁၁၅၂)ဦး၊ ၂၀၁၆ ခုနှစ်တွင် (၂၉၉)ဦး၊ ၂၀၁၇ ခုနှစ်တွင် (၆၁၁)ဦး လူနာသစ်တွေ့ရှိရပါတယ်။ လူနာအသစ်နှင့် အဟောင်း စုစုပေါင်း ၂၀၁၇ ခုနှစ်တွင် (၁၁၃၉)ဦးရှိပါတယ်။ ကျွန်မတို့အနေနဲ့ အထက်အဆင့်သို့ လွှဲပြောင်းပေးရတဲ့ လူနာပေါင်းကို ကြည့်တဲ့အခါ ၂၀၁၃ ခုနှစ်မှာ (၉)ဦး၊ ၂၀၁၄ ခုနှစ်မှာ (၉)ဦး၊ ၂၀၁၅ ခုနှစ်မှာ (၁၀)ဦးနှင့် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်မှာ အထက်အဆင့်သို့ လွှဲပြောင်းသည့်လူနာပေါင်း လွှဲပြောင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ အနောက်ကျေးရွာသည် ရမ်းဗြဲမြို့ ပြည်သူ့ဆေးရုံနှင့် (၁၂)မိုင်၊ ကားလမ်းခရီး (၄၅)မိနစ်၊ လေးတောင်သရက်ချိုတိုက်နယ်ဆေးရုံနှင့် (၁၂)မိုင် ကားလမ်းခရီး ဖြင့် (၄၅)မိနစ် သွားလာရပါတယ်။

သို့ဖြစ်ပါ၍ အနောက်ကျေးရွာအုပ်စုတွင် လူဦးရေနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး မှာလည်း ရာသီမရွေးသွားလာနိုင်ခြင်းတို့ကြောင့် အနောက်ကျေးရွာ ကျန်းမာရေးဌာနခွဲအား တိုက်နယ် ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် သင့်လျော်မှုမရှိကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်လည်း ခုန ကျွန်မတို့ ဒေါ်ထုမေ ရဲ့ တင်ပြချက်ကို ကြည့်တဲ့အခါမှာ မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန် တာတွေ့ရတဲ့အတွက်ကြောင့် ကျွန်မတို့အနေနဲ့ feasibility ကို ပြန်လည်ပြီးတော့ စဉ်းစားပေးပါမယ်။

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်အဆင့် (၂၅)ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်အဆင့် (၁၆)ခုတင်ဆံ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် T.M.O , S.M.O , A.S ဆရာဝန်များအား (၂)နှစ်(၃)နှစ်ကြာ အလှည့်ကျ ပြောင်းရွှေ့ပေးသောအခါတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆေးရုံ၌ တာဝန်လစ်ဟင်းမှုမဖြစ်ပေါ်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အခြားဆေးရုံ ကျန်းမာရေးဌာနမှ ဆရာဝန်များအား အလျဉ်းသင့်သလို အလှည့်ကျ တာဝန်ချထားရန် လုပ်ငန်း လိုအပ်ချက်အရ ကိုယ်စားဆရာဝန်များ တစ်ဦးနှင့်တစ်ဦး တာဝန်လွှဲပြောင်းရာတွင် အနည်းဆုံး(၂)ရက် ပူးတွဲလုပ်ငန်းတာဝန်ထမ်းဆောင်ရန် Overlap (၃)ရက်ယူပြီး အချိန်လွှဲပြောင်းရယူရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ကုသရေးဦးစီးဌာန၏ ၁၀-၄-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဝထရ-၂/၇-၂၀၁၇-၁၇၄ ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အချို့ခက်ခဲသောဒေသများ (ဥပမာ-ခေါင်လန်ဖူးမြို့နယ်)တွင် တာဝန်ထမ်းဆောင်၍ တစ်နှစ်ပြည့်မြောက်ပြီးနောက် သက်ဆိုင်ရာ ဆရာဝန်အား ပြောင်းရွှေ့ပေးပြီး အလျင်အမြန် လူစားထိုးနိုင်ရန် စီစဉ် ဆောင်ရွက်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နှစ်အလိုက်ပါဝင်သော မြို့နယ်ဆေးရုံများကိုသာ လူနာတင်ယာဉ် ထောက်ပံ့ပေးနိုင်မှု ရှိနေပါတယ်။ တိုက်နယ်ဆေးရုံများသို့ လူနာတင်ယာဉ်များ ထောက်ပံ့ပေးနိုင်ခြင်း အခြေအနေမရှိသေး

ပါကြောင်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် ဆမီးတိုက်နယ်ဆေးရုံအတွက် မီးစက်(10 KV) တစ်လုံးနှင့် မီးဇာ တိုက်နယ်ဆေးရုံအတွက် မီးစက်(10 KV)တစ်လုံးတို့ကို ထောက်ပံ့ပေးရန် ကိစ္စနှင့် ပတ်သက်၍ မီးစက်(10 KV)တစ်လုံးစီအား ပို့ဆောင်ခဲ့ရာ ၂၉-၆-၂၀၁၈ ရက်နေ့တွင် သက်ဆိုင်ရာ ဆေးရုံများသို့ ရောက်ရှိ ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ မီးစက်များ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်း ဖြစ်ပါတယ်။ အမျိုးသမီးနှင့် ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာကော်မတီရဲ့ ဥက္ကဋ္ဌ ပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် ဒီနေ့ ဆွေးနွေးမယ့် ဥပဒေကြမ်းကတော့ ပထမဆုံး ကျွန်တော်တို့ ဒီ အသင်းဖွဲ့စည်းပုံမျိုးကို နည်းနည်းတင်ပြပါမယ်။ အဲဒါတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ အသင်းကြီးဖြစ်ပါတယ်။ အဲဒီတုန်းကတော့ နို့စို့ကလေးနှင့် ကိုယ်ဝန် ဆောင်များ စောင့်ရှောက်ရေးအသင်းလို့ ခေါ်ပါတယ်။ မိခင်နှင့် ကလေးလို့ မခေါ်သေးပါဘူး။ အဲဒီတော့ အခုအချိန်မှာတော့ အသင်းဝင်ပေါင်း (၅)သန်းခန့် ရှိတယ်လို့ သိရပါတယ်။ ဒီဥပဒေကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ အခန်း(၁)၊ အပိုဒ် ၂(ဆ)မှာ ကျွန်တော်တို့ ဂုဏ်ထူးဆောင်အသင်းသား များဆိုသည်မှာ ပုဒ်မ ၁၀ အရ ဂုဏ်ထူးဆောင်နာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူကို ဆိုသည်လို့ မူလဥပဒေမှာ ဖော်ပြထားပါတယ်။ အဲဒါကို ကျွန်တော်တို့ ဒီဘက်မှာ ပယ်ဖျက်သည်လို့ မှတ်ချက်ပေးထားပါတယ်။ အဲဒါနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ အခန်း(၄)၊ အပိုဒ် ၁၉ မှာ မိခင်နှင့်

ကလေး စောင့်ရှောက်ရေးအသင်းတွင် အသင်းသား အမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည်။ (က) ဂုဏ်ထူးဆောင်အသင်းသား၊ (ခ) အသင်းသား ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒါကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားပါတယ်။ ဒီနှစ်ခုက ရှေ့နောက် ကျွန်တော် မညီဘူး ဖြစ်နေပါတယ်။

ဂုဏ်ထူးဆောင်နာယက ဆိုတာကတော့ ကျွန်တော်တို့ ဂုဏ်သိက္ခာရှိတဲ့ ဩဇာအာဏာ ကြီးမားတဲ့ ပုဂ္ဂိုလ်များရဲ့ ဇနီးများကို ကျွန်တော်တို့က ဒီအသင်းကြီးရဲ့ ဂုဏ်ထူးဆောင်အသင်းသား နာယက အဖြစ်နဲ့ ကျွန်တော်တို့ တင်ထားတာဖြစ်ပါတယ်။ သူတို့ကို ထည့်ပြီးတော့ ဖွဲ့ဖို့လည်း လိုအပ် ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီပုဂ္ဂိုလ်တွေနဲ့ ဆက်စပ်ပြီးတော့မှ အလှူငွေတွေ ရန်ပုံငွေတွေ ရရှိနိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာတော့ ကျွန်တော်တို့ ရန်ပုံငွေ ကျပ်သိန်းထောင်နဲ့ချီပြီး ရရှိပြီးတော့ ကျွန်တော်တို့ ဒီ ၂၀၁၇ မှာတော့ ကျွန်တော်တို့ အလှူငွေ ကျပ်သိန်း(၃၀၀)ပဲရတယ်လို့ ကျွန်တော် စုံစမ်းသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဂုဏ်ထူးဆောင်အသင်းသား ဆိုတာကို ထည့်ပြီးတော့ ဖွဲ့သင့်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အခန်း(၃)၊ အပိုဒ် ၄ မှာ အသစ်ဖြည့်စွက်ချက်ဆိုပြီးတော့ ကျွန်တော်တို့ မူလဥပဒေမှာတော့ (က) မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ (ခ) မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ (ဂ) မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ခွဲ)ဆိုပြီးတော့ (၃)ခုပဲ ပါ ပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း အဲဒီ (၃)ခုကိုပဲ အတည်ပြု ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကတော့ (ခ) တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့၊ (ဂ) ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဆိုပြီးတော့ ကျွန်တော်တို့ လက်ရှိ လုပ်ဆောင်နေတဲ့အတိုင်း သူတို့ ထည့်ပြီးတော့ ပြန်ပြီးတော့ ထည့်သွင်းထားပါတယ်။ အဲဒီတော့ ကျွန်တော် မေးမြန်းစုံစမ်းကြည့်တဲ့ အခါမှာတော့ ဒီအသင်း ခရိုင်တို့၊ တိုင်းတို့ဆိုတာက မြို့နယ်အသင်းတွေကို ထိန်းချုပ်ကွပ်ကဲတဲ့ အဖွဲ့တွေသာဖြစ်တဲ့အတွက် သူတို့ကို အသင်းလို့ မသတ်မှတ်ဘူးလို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဥစ္စာကိုလည်း ကြီးကြပ်မှုအဖွဲ့အစား အသင်းလို့ ကျွန်တော်တို့ ပြောင်းသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီ ကြီးကြပ်မှုအဖွဲ့တွေရဲ့ ဖွဲ့စည်းပုံကတော့ ဒီ ဥပဒေမှာ ပါရှိပြီးဖြစ်ပါတယ်။

နောက်တစ်ခု ဒါကတော့ ကျွန်တော်တို့ အကြံပြုချက်ပါ။ ဒီ ဥပဒေနှင့်တော့ တိုက်ရိုက်တော့ မဆိုင်သော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးသမီးနှင့် ဒီ ကလေးသူငယ်နဲ့ပတ်သက်တဲ့အဖွဲ့တွေ အများကြီးရှိပါတယ်။ အခု ကျွန်တော်တို့ တင်ပြနေတဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ ဒါကတော့ ၁၉၄၈ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့တဲ့အသင်းကြီး ဖြစ်ပါတယ်။ နောက်တစ်ခါ န.ဝ.တ အစိုးရလက်ထက်မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြီးတော့ ၁၉၉၆ ခုနှစ်မှာ စတင် ဖွဲ့စည်းတဲ့အဖွဲ့ ရှိပါတယ်။ ဒီအဖွဲ့ကတော့ ကျွန်တော်တို့ အခွင့်အရေးပိုင်းတွေ Right နဲ့ဆိုင်တာတွေ ပိုပြီးတော့ လုပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကတော့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး တော်တော်များများကို ကျွန်တော်တို့ ဆောင်ရွက်ပေးတာကို တွေ့ရပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပထမလွှတ်တော်၊ ပထမအစိုးရလက်ထက်မှာ မြန်မာအမျိုးသမီးနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းဆိုပြီးတော့ MWCDF ဆိုပြီးတော့ အဖွဲ့တစ်ဖွဲ့ ရှိပါတယ်။ နောက် ကျွန်တော်တို့ ဒီဘက်ခေတ်မှာတော့ ရင်ခွင်မဲ့ကလေး လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဆိုတော့ ကျွန်တော်တို့ လုပ်ငန်းတွေအားလုံးက ဦးတည်ချက်တစ်ခုတည်းကိုပဲ သွားနေတာဖြစ်တဲ့အတွက် ဒီဟာတွေကို ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပိုမိုပြီးတော့ သင့်လျော်ပါမယ်။ ဒါကတော့ အစိုးရပိုင်းက policy Maker ပိုင်းက ဆောင်ရွက်ရမှာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုတော့လည်း မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကောင်စီ ဆိုပြီးတော့ အသစ်ဖွဲ့ထားတာလည်း ရှိပါတယ်။ အဲဒီတော့ အခေါ်အဝေါ်တွေအားလုံးဟာ ရောထွေးနေတဲ့အတွက် ဥပမာတစ်ခု ကျွန်တော်ပြောမယ်ဆိုရင်ဖြင့် ကျွန်တော်တို့ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးကော်မတီ-----------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး၊ ဥပဒေ ဘယ်ဟာတွေကို ဆွေးနွေးမှာလဲ။ ကျွန်တော်တို့ ဒါ ဥပဒေ ဆွေးနွေးတာ။ ဘယ်ပုဒ်မတွေ၊ ဘာတွေ ဆွေးနွေးမှာလဲ။ ဘာအဓိကထား ဆွေးနွေးမှာလဲ။

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ ဥပဒေက ဆွေးနွေးပြီးပါပြီ။ ဒါ ကျွန်တော်တို့ အကြံပြုချက်ပါ။

**ဥက္ကဋ္ဌ**။ ။ အကြံပြုဖို့မလိုဘူး။ ဥပဒေဆွေးနွေးတာ ဘယ်ဟာဘယ်လိုပြင်ဌာန်းသင့်တယ်။ ဘယ်ဟာ ဘယ်လိုပြဋ္ဌာန်းမယ်။

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ပုံလာတဲ့အခါကျတော့ သူက အမျိုးသမီးရေးရာအဖွဲ့ချုပ်လားလို့ အဲလိုမျိုးမေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီလေ၊ ဆိုလိုတာက ဥပဒေမှာ ဘာမှ မလုပ်နိုင်ဘူး။ ကျွန်တော်တို့ ခုက ဆွေးနွေးတာ ဥပဒေ ဆွေးနွေးနေတာလေဗျာ။ ဘယ်ဥပဒေကဖြင့် ပြင်သင့်တယ်။ ဘယ်ပုဒ်မကဖြင့် အစားထိုးသင့်၊ ဘယ်ဟာကဖြင့် အသစ်ထိုးသင့်တယ်။ ဒီလိုသွားရမှာလေ။

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ပြောပြီးပါပြီခင်ဗျား။ အဲဒါ ဒါ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြောပြီးရင်လည်း မပြောနဲ့။ အကြံပေးလို့မှမဖြစ်တာ ဥပဒေ ဆွေးနွေးနေတာကို။ ခုဟာက။

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ နဝမနေ့ ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ အစိုးရအဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် အခုတင်သွင်းမယ့် အဆိုကတော့ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းဖြစ်တဲ့ အားလျော်စွာ ဒီ ရာဇသတ်ကြီးဥပဒေဟာဖြင့် အင်္ဂလိပ် ကိုလိုနီ ကျွန်ပြုခံရတဲ့ မြန်မာနိုင်ငံအတွက် The Penal Code ဆိုတဲ့ အင်္ဂလိပ်လို ရေးသားထားတဲ့ ယခု ကျွန်တော်တို့ ကျင့်သုံးနေရဆဲ ရာဇသတ်ကြီး ဖြစ်ပါတယ်။ မူရင်း အင်္ဂလိပ်လို စတင်ပြဋ္ဌာန်းထားတဲ့ အတွက် ကျွန်တော် ဥပဒေကြမ်း တင်သွင်းရာမှာလည်း အင်္ဂလိပ်လိုပဲ ပြင်ဆင်တင်သွင်းရခြင်းဖြစ်လို့ အင်္ဂလိပ်လို ဥပဒေအသုံးအနှုန်းခွင့်ပြုဖို့နှင့် Power Point သုံးစွဲခွင့်ပြုဖို့ ဦးစွာ မေတ္တာရပ်ခံအပ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါ။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)၊ ၁၃၈၀ ပြည့်နှစ်၊ ( )လ( )ရက်၊ (၂၀၁၈ ခုနှစ်၊ ( ) လ ( )ရက်။) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက် သည်။ (၁) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။ (၂) ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ကို အောက်ပါ အတိုင်း အစားထိုးရမည်။ (15) The expression of the Person with disabilities shall be interpreted as defined under sub-section (a) of section 2 of the Rights of the Person with Disabilities Law(Pyidaungsu Hluttaw Law No.30 of 2015). (၁၅) မသန်စွမ်းသူဆိုသည့် စကားရပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀/၂၀၁၅) ပုဒ်မ ၂၊ ပုဒ်မခွဲ(က)အရ ဖွင့်ဆိုထားတဲ့အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(16) Imprisonment for life means imprisonment passed on a convicted person to serve in the prison until death (၁၆) ထောင်ဒဏ် တစ်သက်ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကို ဆိုသည်။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ကို အောက်ပါအတိုင်း အစားထိုးရမည်။ Punishment for rape 376(1) Whoever commits rape except the rape case contained in sub-section (2)and (3), shall be punished with imprisonment for a term of twenty years, or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine. မုဒိမ်းမှုအတွက် ပြစ်ဒဏ် ၃၇၆(၁) ပုဒ်မခွဲ(၂)နှင့် (၃)တို့တွင် ပါရှိသည့် မုဒိမ်းမှုများမှအပ မည်သူမဆို မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ်နှစ်(၂၀)ဖြစ်စေ၊ (၂၀)(၁၀)နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(2) Whoever commits rape against a woman who is his own wife and is not under twelve years of age, shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.(၂)မည်သူမဆို အသက်(၁၂)နှစ်အောက် မဟုတ်သော မိမိ၏ မယားအား မုဒိမ်းမှု ကျူးလွန်လျှင် (၂)နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ Whoever commits rape against a woman who is a person with disabilities, or a girls who is under twelve years of age shall be punished with imprisonment for a term of twenty years, or imprisonment for life. (၃) မည်သူမဆို မသန်စွမ်းသူမိန်းမကို ဖြစ်စေ၊ အသက်(၁၂)နှစ်အောက် မိန်းကလေးကိုဖြစ်စေ၊ မုဒိမ်းမှု ကျူးလွန်လျှင် ထောင်ဒဏ်နှစ်(၂၀) ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ခြင်းခံရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။ ပုံ/ဝင်းမြင့် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်ရတဲ့ ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်နဲ့ အကျိုးအကြောင်းကို ကျွန်တော် ဖော်ပြမှာဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ကိုလိုနီခေတ် နှစ်(၁၅၀)ကျော်က အတည်ပြုကျင့်သုံးထားတဲ့ The Penal Code ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ပါ မုဒိမ်းမှုအတွက် ပြစ်ဒဏ် Punishment for rape တို့မှာ ထိုခေတ်အချိန်အခါက လူနေမှုစရိုက်အပေါ် မူတည်ပြဋ္ဌာန်းထားခြင်း ဖြစ်သော်လည်း ယနေ့ လူနေမှုစနစ်၊ ယဉ်ကျေးမှု၊ လူဦးရေတိုးမြင့်လာမှု၊ ပတ်ဝန်းကျင်အခြေအနေ အသိပညာဗဟုသုတ နည်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ဘဝမလုံခြုံမှု စသည့်အခြေအနေများကြောင့် သက်ငယ် မုဒိမ်းမှုများ တိုးပွားလာနေတဲ့အတွက် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ခြိမ်းခြောက်လာနေသကဲ့သို့ ဖြစ်ပေါ်နေမှုကို ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် ပြစ်ဒဏ်တိုးမြှင့်ရန် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အရ တင်ပြရမယ်ဆိုလျှင် မုဒိမ်းမှုပြုကျင့်ခံရသူ အမျိုးသမီးများမှာ အသက်အရွယ်မျိုးစုံပါဝင်နေသောကြောင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အလွန်အကျည်းတန် အရုပ်ဆိုးသော သတင်းဖြစ်နေပါတယ်။ လေ့လာဆန်းစစ်ချက်အရ အမျိုးသမီးများကို အိမ်နီးနားချင်းက ပြုကျင့်မှု၊ သွေးသားတော်စပ်သူက ပြုကျင့်မှု၊ သက်ကြီးရွယ်အိုကို ပြုကျင့်မှု၊ စိတ်မနှံ့သူကိုပြုကျင့်မှု၊ မသန်စွမ်းသူကို ပြုကျင့်မှု၊ အသက်မပြည့်သေးသူ(သက်ငယ်မုဒိမ်း)ကို ပြုကျင့်မှု စသည်တို့ ဖြစ်ပါတယ်။

မုဒိမ်းမှုများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ထုတ်ပြန်ချက်အရ (၁၆)နှစ်အောက် မုဒိမ်းမှုသည် ၂၀၁၆ ခုနှစ်တွင် (၆၇၁)မှုရှိပြီး၊ ၂၀၁၇ ခုနှစ်တွင် (၈၉၇)မှုဖြစ်သောကြောင့် တိုးလာတဲ့ မုဒိမ်းမှုမှာ (၂၂၆)မှု ရှိပါတယ်။ (၁၆)နှစ်အထက် မုဒိမ်းမှုဟာ ၂၀၁၆ ခုနှစ်တွင် (၄၂၉)မှုဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် (၅၀၀)မှု ဖြစ်လာတဲ့အတွက် တိုးလာတဲ့ မုဒိမ်းမှုသည် (၇၉)မှုရှိလာပါတယ်။ မုဒိမ်းမှု စုစုပေါင်းဟာ ၂၀၁၆ ခုနှစ်တွင် (၁၁၀၀)မှုအထိရှိပြီး၊ ၂၀၁၇ ခုနှစ်တွင် (၁၄၀၅)မှု ဖြစ်တဲ့အတွက် တိုးလာတဲ့အမှုမှာ (၃၀၅)မှု ဖြစ်ပါတယ်။ သက်ငယ်မုဒိမ်းမှု အများဆုံးဖြစ်ကြတဲ့ တိုင်းဒေသကြီးတွေကတော့ ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းတို့ဖြစ်ကြောင်း သိရပါတယ်။

လက်ရှိ အသက်ကြီးကြီးငယ်ငယ် မုဒိမ်းမှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၇၆ ရဲ့ ပြစ်ဒဏ်ဟာ ထောင်ဒဏ် နှစ်(၂၀)ဖြစ်စေ၊ (၁၀)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။ (၁၂)နှစ်အောက် မိန်းကလေးနှင့် မသန်စွမ်းသူ မိန်းကလေးအား မုဒိမ်းမှုအတွက် ဖော်ပြပါ ပြစ်ဒဏ်မှာ လုံလောက်မှု၊ ဟန့်တားမှု မဖြစ်ပါ။ ဒါကြောင့် သက်ငယ်မုဒိမ်းမှုများ ကျူးလွန်သူတို့ကို သေဒဏ်ချမှတ်ပေးဖို့ လူအချို့ ဆန္ဒထုတ်ဖော် တောင်းဆိုနေကြသော်လည်း ပြစ်ဒဏ်အရ မသန်စွမ်းသူ မိန်းမကိုဖြစ်စေ၊ အသက်(၁၂)နှစ်အောက် မိန်းကလေးကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်သူအား ထောင်ဒဏ် အနှစ်(၂၀) သို့မဟုတ် ထောင်ဒဏ်တစ်သက် ထောင်ထဲမှာပဲ သေသည်အထိ ချမှတ်နိုင်ရန် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အကယ်၍ ကျူးလွန်ခံရသူမှာ ထောင်ဒဏ်(၇)နှစ်ထိ ပြစ်ဒဏ်ထိုက်တဲ့ ပြစ်မှုကျူးလွန်စဉ် သေဆုံးသွားသည်နှင့် တပြိုင်နက်တည်း လူသတ်မှုဆိုသည့် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ဂ)ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလာတဲ့အခါမှာ ထောင်ဒဏ်ချမှတ်ခြင်း၊ သေဒဏ်ချမှတ်ခြင်း ခံရဖွယ်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အခု အဆိုရှင်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးအောင်သိန်း ရဲ့ ၂၀၁၈ ခုနှစ် ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကို ဒီဥပဒေမှာ အသက်နဲ့ပတ်သက်တဲ့ (၁၂)နှစ်

အောက်ပြဋ္ဌာန်းခြင်းနှင့် ထောင်ဒဏ် သတ်မှတ်ထားတာတွေဟာ ဥပဒေရေးဆွဲရေးလုပ်ထုံးနှင့် ပြစ်ဒဏ် သတ်မှတ်ရေး ဥပဒေ ရေးဆွဲရေးတွေမှာ ညီညွတ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးအောင်သိန်း တင်သွင်းသည့် ရာဇသတ်ကြီးကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း နှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၀း၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]